နေ့စွဲ – ၂၁.၁၀. ၂၀၁၂

<u>**သမိုင်းကဏ္ဍ**</u>

## ဘွန်နီဖေ့စ် – ဂျာမန်တို့၏တမန်တော်

(Boniface - Apostle to the Germans)

**နိဒါန်း**

အသင်းတော်၏မွေ့သစ်ကာလအစပျိုးတွင် ဘုရားသခင်သည် ဧဝံဂေလိတရားကို ဥရောပတိုက်သို့ ရောက်စေရန် သဘောကျတော်မူပါသည်။ ထိုစဉ် ဥရောပတိုက်တတိုက်လုံးကို မျိုးစုံသောလူရိုင်းမျိုးနွယ်များက ခွဲဝေပိုင်ဆိုင်ခဲ့ကြပါသည်။ သူတို့သည် ရုပ်တုများနှင့်နတ်ဘုရားများကို ကိုးကွယ်ကြကာ၊ တနေရာတည်းတွင် အတည်တကျမနေဘဲ အမြဲပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ သူတို့သည် မယဉ်ကျေးကြသော၊ စစ်မက်လိုလားသော၊ ရုပ်တုမျိုးစုံကိုကိုးကွယ်သော လူရိုင်းများဖြစ်ကြပါသည်၊ တနွယ်နှင့်တနွယ် အစဉ်အမြဲ တိုက်ခိုက်နေခဲ့ကြပါသည်။ သူတို့သည် ရောမအင်ပါယာအတွက် တကယ့်အန္တရယ်ဖြစ်ကြပါသည်။ နောက်ဆုံးတွင် ရောမအင်ပါယာကြီး၏အနောက်ဖက်ပိုင်းကို အေဒီ ငါးရာစုတွင် ဖျက်ဆီးနိုင်ခဲ့ကြပါသည်။ အသင်းတော်မှအပ၊ ရောမကမ္ဘာ၏ အဖွဲ့အစည်း၊ လူမှုဘဝအားလုံး၊ အသင်းအဖွဲ့အားလုံး ဖျက်ဆီးခံရပါသည်။ အသင်းတော်တခုသာလျှင် ထိုရှုပ်ထွေးပွက်လောရိုက်နေသော ကြောက်မက်ဖွယ်အချိန်ကာလတလျှောက်ကို ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ပါသည်။

ထိုအချိန်ကရှိခဲ့သောအသင်းတော်သည် မိမိ၏သာသနာပြုရမည့်တာဝန်ကို နက်ရှိုင်းစွာသဘောပေါက်ခဲ့ပါသည်။ ထို့ကြောင့် ထိုလူရိုင်းများထံ မပြတ်တမ်း သားသနာပြုဆရာများကို စေလွှတ်ကာ ဧဝံဂေလိတရားကို ဟောကြားစေခဲ့ကြပါသည်။ ထိုသို့ပြုရန် ဧဝံဂေလိတရားအတွက် လုံးလုံးကိုယ်ကျိုးစွန့်ကြသူ အမြောက်အများ၊ ရဲရင့်စွာ၊ ခရစ်တော်၏အမိန့်တော်မြတ်ကို နာခံလျှက် ထိုကြမ်းတမ်းလှသော ဥရောပတောင်တန်းများသို့ သွားရောက်ကြကာ၊ ထိုလူရိုင်းမျိုးနွယ်များထံ ဧဝံဂေလိကိုဟောကြားခဲ့ကြပါသည်။ အန္တရယ်များလှပါသည်၊ ခရစ်တော်အကြောင်း နကန်းတလုံးမသိကြသည့် ထိုလူရိုင်းမျိုးနွယ်များ၏ အန္တရယ်၊ တချိန်ထဲတွင် သူတို့သည် ရောမယဉ်ကျေးမှုတွင် ပါဝင်သမျှကို အထင်သေးမုန်းတီးကြပြန်သဖြင့် ပို၍အန္တရယ်ကြီးမာပါသည်။

ဘုရားသခင်သည် ဧဝံဂေလိတရားကို ထိုလူရိုင်းမျိုးနွယ်စုများထံ ရောက်ရှိစေချင်သည်မှာ နောက်ဆုံးတွင် ဥရောပတတိုက်လုံး ခရစ်ယာန်ဖြစ်လာသည်အထိဖြစ်ပါသည်။ ကျွန်တော်ဆိုလိုသည်မှာ ရာစုနှစ်အတော်များများကြာသောအခါ၊ ထိုလူရိုင်းမျိုးနွယ်များသည် ခရစ်ယာန်များဖြစ်လာကြယုံမကဘဲ၊ ခရစ်ယာန်ဩဝါဒသည် ထိုမျိုးနွယ်စုများအားလုံး၏ ယဉ်ကျေးမှုဖြစ်လာကာ၊ သူတို့ ၏ လူမှုအဖွဲ့အစည်းအသီးသီး၊ ပုံစံအဖုံဖုံသို့ ဝင်ရောက်သွားခြင်းကို ဆိုလိုပါသည်။ ရှိသမျှ လူမှုအဖွဲ့အစည်း တခုမကျန်သည် ခရစ် ယာန်ပုံစံ ဖြစ်သွားပါသည်။ အသင်းတော်၏ သာသနာပြုခြင်းအလုပ်က၊ ခရစ်ယာန်နိုင်ငံများစွာကို ဖြစ်လာစေပါသည်။ ကျွန်တော် တို့ အမေရိကန်များသည် ထိုအမွေကို ဆက်ခံရသူများဖြစ်ကြပါသည်။ (ကျွန်တော်တို့ မြန်မာနိုင်ငံတွင်မူ၊ ကရင်၊ ချင်း၊ ကချင် တို့ အားလုံးနီးပါး ခရစ်ယာန်လူမျိုးများဖြစ်ကြသော်လည်း၊ ယဉ်ကျေးမှုမှာ ယခင် နတ်ကိုးကွယ်စဉ်ကအတိုင်း ကျန်ခဲ့ခြင်းသည် နှမြော စရာကောင်းလှပါသည်၊ တကယ်တမ်းတွင် ကျွန်တော်တို့လည်း ဥရောပသဖွယ် လုံးလုံးခရစ်ယာန်ယဉ်ကျေးမှုသို့ ရောက်သင့်ကြပါ သည် – ဘာသာပြန်သူ စကားချပ်)

ထိုသို့ဖြစ်ခြင်းသည် ဘုရားသခင့်ရည်ရွယ်ချက်မပါဘဲ ဖြစ်ခဲ့ခြင်းမဟုတ်ပါ။ ထို ဥရောပခရစ်ယာန်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သည်၊ နှစ်ပေါင်းမြောက်များစွာကြာသောအခါ၊ အပေါ်ယံအခွံတွင် ခရစ်ယာန်ပုံစံဖြစ်နေပါသော်လည်း၊ တကယ့်အတွင်းသဘောမှာ ခရစ်ယာန်ကိုဆန့်ကျင်သော စိတ်သဘောသို့ ပြောင်းလာကြပါမည်၊ နောက်ဆုံးတွင် ဗျာဒိတ်ကျမ်း အခန်းကြီး(၁၃)က ဖေါ်ပြသော "သားရဲကြီး"ကို ထုတ်လုပ်ကြမည်ဖြစ်ပါသည်။ တချိန်ထဲတွင် ထိုဥရောပခရစ်ယာန်နိုင်ငံများမှနေ၍ ဧဝံဂေလိတရားသည် ကမ္ဘာအဆုံးထိ သွားရောက်မည်ဖြစ်သည်၊ ထိုဧဝံဂေလိတရားကြောင့် အသင်းတော်သည် စုစည်းမိလာမည်ဖြစ်ပါသည်။

**ငယ်စဉ်ဘဝ**

ဥရောပရှိ လူရိုင်းများထံ ဧဝံဂေလိတရားကို ဆောင်ယူသွားကြသည့် ကြီးမြတ်သော သာသနာပြုဆရာများထဲတွင် ဘွန်နီဖေ့စ်သည် တဦးဖြစ်ပါသည်။ သူသည် အင်္ဂလန်ကျွန်းရှိ ဆက်စွန်လူမျိုးတို့၏ နိုင်ငံငယ်ကလေးဖြစ်သော ဝဲစ့်ဆက်စ်တွင် အေဒီ ၆၇၅ ခန့်တွင် မွေးဖွားခဲ့သည်။ သူ့မိဘများသည် မင်းမျိုးမင်းနွယ်များဖြစ်ကြသည်၊ သူ့ကို "ဝင်းဖတ်"ဟု အမည်ပေးခဲ့ကြသည်။ သူ သည် မင်းမျိုးမင်းနွယ်ဖြစ်သဖြင့် အကောင်းဆုံးပညာရေးကို ကောင်းစွာသင်ခွင့် ရရှိခဲ့ပါသည်။ ငယ်စဉ်ကပင် ပညာရှင်ဖြစ်လာပါ သည်၊ မကြာမှီ သူ၏အခြေအနေသည်လည်း မြင့်မားလာပါသည်။ ထို့နောက် သူသည် ဘုန်းကြီးကျောင်းသို့ဝင်ရောက်ကာ၊ သူ့အသက်(၄၀)ပြည့်သည်အထိ ထိုနေရာတွင် အလုပ်များနေခဲ့ပါသည်။ ဘုန်းကြီးကျောင်းတွင် သူသည် ကျောင်းဆရာ၊ ကဗျာဆရာ၊ သဒ္ဒါပညာရပ်ပြုစုသူ၊ သီဩလော်ဂျီယန် စသည်တို့ကို လုပ်ကိုင်ခဲ့ပါသည်။ သူ၏ သဒ္ဒါပညာရပ်အားကျွမ်းကျင်လှမှုကြောင့်၊ သူသည် ကျောင်းသုံးလက်တင်ဘာသာသဒ္ဒါစာအုပ်ကိုပင် ပြုစုပေးခဲ့ပါသည်။ နားနားနေနေနှင့် စာသင်ပေးခြင်း၊ မိမိလိုချင်သည်များကို လေ့လာနေခြင်းတို့သည် သူ့ဘဝ၏ အဖြစ်မှန်ကဲ့သို့ပင် ထင်နေခဲ့ရပါသည်။

**သာသနာပြုခြင်းအမှုတော်အတွက်ပြင်ဆင်ခြင်း**

သို့သော် ဘုရားသခင်သည် “ဝင်းဖတ်”ကို အခြားသောအလုပ်များသို့ ခေါ်သွားခဲ့ပါသည်။ သူနေထိုင်ရာ ငြိမ်းချမ်းသော ဘုန်းကြီးကျောင်းသို့ ယနေ့ခေတ်နယ်သာလန်နိုင်ငံဟုခေါ်သော၊ မြေနိမ့်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ကပ်ဆိုးကြီးတခုအကြောင်း သတင်းရောက်လာခဲ့ပါသည်။ ထိုကပ်ဆိုးကြီးမှာ ဤသို့ဖြစ်သည်၊ ထို နယ်သာလန်နိုင်ငံဟု နောင်အခါခေါ်ရမည့်နယ်တွင် ထိုစဉ်က လူရိုင်းမျိုးနွယ်များသာ နေထိုင်ခဲ့ကြသည်၊ ထိုမျိုးနွယ်များကြားသို့ သာသနာပြုဆရာတဦးအမှုတော်ဆောင်နေခဲ့ပါသည်၊ သူ၏အမည်မှာ ဝီလီဘရော့တ်ဖြစ်သည်။ ထိုခရစ်တော်၏သစ္စာရှိသော သာသနာပြုဆရာအားဖြင့် လူရိုင်းမျိုးနွယ်စုမှ အချို့တို့သည် ပြောင်းလဲလာခဲ့ကြသည်။ ဥရောပ၏အနောက်ဖက်ဒေသများတွင်ဖြစ်ပါသည်။ သို့သော် သူ၏သာသနာပြုခြင်းလုပ်ငန်း လုံးဝအဖျက်ဆီးခံလိုက်ရပါ သည်။ အဘယ့်ကြောင့်ဆိုသော် ထိုဒေသကို အုပ်စိုးသော လူရိုင်းမျိုးနွယ်ဘုရင်တပါးဖြစ်သည့်၊ ဖရီးစီးယန်းနွယ် ဘုရင် ရက်ဘော့တ် က သူ့ဒေသတွင် ခရစ်ယာန်လုံးဝမရှိရဟု အားလုံးကို သတ်ပစ်လိုက်သောကြောင့်ဖြစ်သည်။

ယနေ့ခေတ်တွင် ဘွန်နီဖေ့စ် ဟုခေါ်သော ဝင်းဖတ် ထိုသတင်းကိုကြားသောအခါ၊ ထိုမြေနိမ့်ဒေသသို့သွားရောက်ကာ အခြေအနေများကို နဂိုအတိုင်းပြန်ဖြစ်စေရန် ကြိုးစားမည်ဟု ဆုံးဖြတ်ချက်ချပါသည်။ သူ၏ အေးချမ်းသောဘဝ၊ အိမ်၊ ဇတိမြေ အားလုံးကိုစွန့်လွှတ်လိုက်ကာ နက်ရှိုင်းမဲနက်သော သစ်တော်ကြီးများ၊ ရွံ့နွံလတာပြင်များပေါ်များရာ ဥရောပအနောက်မြောက်ပိုင်းသို့ ဧဝံဂေလိတရားကို ကြောက်မက်ဖွယ်ကောင်းသော ဖရီးစီးယန်း လူရိုင်းမျိုးနွယ်များထံဟောကြားဖို့ ထွက်ခွာခဲ့ပါသည်။ အပေါင်းအပါ နှစ်ဦး၊ သုံးဦးခန့်နှင့်အတူ ရွက်လှေင့်ထွက်ခွာရာ၊ မကြာမီ ဆိပ်ကမ်းသို့ဆိုက်ရောက်ပါသည်။ သို့သော် သူ၏လုပ်ဆောင်ခြင်း အောင်မြင်မှုအနည်းငယ်သာရပါသည်။ ထို့ကြောင့် ပို၍နက်ရှိုင်းသောတောနက်ထဲဝင်ရောက်ကာ ထိုနေရာရှိ လူရိုင်းမျိုးနွယ်များထံ ဧဝံဂေလိဟောကြားဖို့ ပြင်ဆင်ပါသည်(ထိုဒေသသည် ယနေ့ ဂျာမဏီဖြစ်ပါသည်)။

သို့သော်၊ ဂျာမဏီသို့ မသွားခင်၊ ထိုစဉ်က ဥရောပတွင် တန်ခိုးအကြီးဆုံးဖြစ်သောသူထံသွားရောက်ကာ၊ သူ၏ထောက်ခံချက်ကို ရယူလျှင်ကောင်းမည်၊ ထိုသို့ဖြင့် သူသာသနာပြုရာတွင် အထောက်အကူရကောင်းရနိုင်မည်ဟု ဆုံးဖြတ်ပါသည်။ ထို့ကြောင့် ပထမအနေနှင့် သူသည် ယနေ့ခေတ် ပြင်သစ်နိုင်ငံဟုခေါ်မည့်ဒေသသို့ သွားရောက်ခဲ့သည်။ ထိုဒေသ၏ ရှင်ဘုရင် ဖရန့်ခ်လူမျိုးခေါင်းဆောင် ပက်ပင် ထံမှထောက်ခံချက်ကို ရယူခဲ့ပါသည်။ ထို့နောက် ရောမမြို့တော်သို့သွားရောက်ကာ၊ ပုတ်ရဟန်းမင်းထံမှ ထောက်ခံချက်ကိုလည်း သွားယူခဲ့ပါသည်။

ဤသို့ ထောက်ခံချက်များသွားယူခြင်းက ဘွန်နီဖေ့စ်၏အလုပ်တွင် အလွန်အရေးကြီးသော နောက်ဆက်တွဲရလဒ်များကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုအကြောင်းကိုနားလည်ရန်၊ ထိုအချိန်ဥရောပတွင်ဖြစ်နေခဲ့သောသမိုင်းကို အနည်းငယ်နားလည်မှဖြစ်ပါမည်။ ထိုခေတ် လူရိုင်းမျိုးနွယ်များသည် မိမိတို့နယ်မြေများကို ချဲ့ထွင်ရန် အချိန်ပြည့် တနွယ်နှင့်တနွယ် စစ်တိုက်နေခဲ့ကြပါသည်။ တဖြည်းဖြည်းနှင့် ဖရန့်ခ်လူမျိုးနွယ်များကြားတွင် တည်ငြိမ်သောအုပ်ချုပ်ရေးပုံစံတမျိုး ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ဖရန့်ခ်မျိုးနွယ်စုများ၏ ဘုရင်များသည် စုစည်းကာ သူတို့၏နယ်နိမိတ်ကို ဆက်စွန်လူမျိုးတို့အားတိုက်ခိုက်အနိုင်ယူခြင်းဖြင့် ဂျာမဏီ ထဲထိ ချဲ့ထွင်ရန်ပြင်ဆင်ကြပါသည်။ ထို့ကြောင့် ဖရန့်ခ်ဘုရင်ထံမှ ထောက်ခံချက်ရယူခြင်းသည် မိမိအမှုတော်ဆောင်ခြင်းအတွက် အထောက်အကူဖြစ်စေမည်ဟု ဘွန်နီဖေ့စ် တွေးခဲ့ခြင်းဖြစ်သည်။ တဖက်မှကြည့်ပြန်လျှင်၊ ရောမမြို့တော်မှ ပုတ်ရဟန်းမင်းကြီးသည် မိမိ၏လွှမ်းမိုးမှုကို ကျယ်သည်ထက်ကျယ်ရန် ကြိုးစားနေချိန်လည်းဖြစ်သည်၊ ဥရောပတတိုက်လုံးကို လွှမ်းမိုးချင်နေပါသည်၊ ထိုကိစ္စအောင်မြင်ရန် သာသနာပြုလုပ်ငန်းသည် လက်နက်ဖြစ်သည်ဟု သိမြင်နေပါသည်။ ထိုသို့ဖြင့် ဖရန့်မျိုးနွယ်စုဘုရင်နှင့် ပုတ်ရဟန်းမင်းတို့ မဟာဖွဲ့ကြသည်၊ ထိုမဟာမိတ်ဖွဲ့ခြင်းသည် နောင်ရာစုနှစ်များစွာအထိ တည်မြဲခဲ့ပါသည်။ ထို့ကြောင့် ဘွန်နီဖေ့စ်က ဖရန့်ခ်လူမျိုးစုများ၏ဘုရင်နှင့်ရောမမြို့တော်ပုတ်ရဟန်းမင်းတို့ထံမှ ထောက်ခံမှုများရယူခြင်းဖြင့်၊ သူ၏အလုပ်ကို အလွန်အထောက်အကူရမည်ဟု ယုံခဲ့ခြင်းဖြစ်သည်။

ပုတ်ရဟန်းမင်းထံမှ ထောက်ခံချက်ရရှိသဖြင့်၊ ဘွန်နီဖေ့စ်သည် ရိုမန်ကက်သလစ်အသင်းတော်၏ သစ္စာရှိသောသား၊ ဥရောပတိုက်တွင် ပုတ်ရဟန်းမင်း၏ကက်သလစ်ဂိုဏ်းအာဏာစက် ကျယ်ပြန့်ဖို့ ဘာမဆိုကို အစွန်းကုန် တိုက်ခိုက်တည်ထောင်သူဖြစ်လာပါတော့သည်။ ရိုမန်ကက်သလစ်ဂိုဏ်းကို ထိပါးနစ်နာစေမှု တစုံတရာကိုမျှ သည်းခံမည်မဟုတ်တော့ပါ။ ထိုအချက်က ဘွန်နီဖေ့စ်ကို အခြားသာသနာပြုဆရာများနှင့် ပြသနာဖြစ်ခြင်းသို့ ရောက်ရှိစေပါတော့သည်။ အထူးသဖြင့် ဗြိတိန်ကျွန်းစုမှ ဥရောပတိုက်သို့ လာရောက်ကြကာ ပုတ်ရဟန်းမင်း၏ကက်သလစ်ဂိုဏ်းနှင့် ဘွန်နီဖေ့စ်တို့၏ စိတ်တိုင်းကျမဟုတ်ဘဲ၊ ပို၍လွတ်လပ်သောအသင်းတော်များကို တည်ထောင်ရန်သာသနာပြုကြသူများနှင့်ဖြစ်ပါသည်။ ထိုသို့လာရောက်ကြသော စကော့တ်သာသနာပြုများ၊ အိုင်းရစ်ရှ်သာသနာပြုများသည် ဘွန်နီဖေ့စ်၏ ဆန့်ကျင်ဖက်များဖြစ်လာကြပါတော့သည်။

**သူ၏အောင်မြင်သောသာသနာပြုလုပ်ငန်း**

ဂျာမဏီနိုင်ငံသည် ထိုစဉ်က လူရိုင်းမျိုးနွယ်စုများအောက်တွင်သာ ဖြစ်နေပါသေးသည်။ အနည်းငယ်သော သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါသော်လည်း၊ အမြဲတမ်းတိုက်ခိုက်နေသော မျိုးနွယ်စုစစ်ပွဲများ၊ ယေဘုယျအားဖြင့် ရုပ်တုများနှင့် နတ်များကိုသာ ကိုးကွယ်ကြသော အယူသည်းမှုများကြောင့် အစပျိုးသာသနာပြုလုပ်ငန်းများ ပျက်စီးသွားခဲ့ပါသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်နေမှုများကြားသို့ ဘွန်နီဖေ့စ်သည် ဧဝံဂေလိတရားကို ဟောကြားဖို့စတင်ခြင်းဖြစ်ပါသည်။ သူ့ထံတွင် ရှာမှရှားသော တရားပြောဟောတတ်မှုအရည်အချင်း ရှိသဖြင့် မကြာမီ အသင်းတော်အများအပြားကို တည်ထောင်နိုင်ပါသည်၊ နေရာအနှံ့တွင် ဘုန်းကြီးကျောင်းများကို တည်ထောင်ပါသည်၊ ထောင်ပေါင်းများစွာသောသူများ သူ၏လုပ်ဆောင်မှုကြောင့် အသင်းတော်သို့လာရောက်ကြပါသည်။ သူတည်ထောင်သော ဘုန်းကြီးကျောင်းများထဲမှ နာမည်အကြီးဆုံးမှာ ဖူလ်ဒါအရပ် တွင် တည်ရှိပါသည်။ သူသည် ကြောက်မက်ဖွယ်ကောင်းသော ဆန့်ကျင်မှုများကို ရင်ဆိုင်ခဲ့ရသလို၊ သူ၏အသက်သည်လည်း အချိန် ပြည့် အန္တရယ်ရှိနေခဲ့ပါသည်။

ဘွန်နီဖေ့စ်၏အောင်မြင်ခြင်းသည် ဂျာမဏီဒေသတွင် စတင်လုပ်ဆောင်ချိန် ထူးခြားလုပ်ကိုင်မှုများကြောင့် ဖြစ်ပါမည်။ ထို ဒေသရှိ ဆက်စွန်လူမျိုးများသည် အလွန်ကြီးမားသောဝက်သစ်ချပင်ကြီးကို မြင့်မြတ်သောအပင်ကြီးအဖြစ်သတ်မှတ်ကြ၊ သူတို့၏ ဘုရား"သော"ကို ထိုအပင်နှင့်အတူဝတ်ပြုကြပါသည်၊ (မြန်မာပြည်တွင် ညောင်ပင်များကို အလေးထားကြသကဲ့သို့ဖြစ်သည်၊ ဘာသာပြန်သူ)၊ "သော"ဘုရား(Thor)သည် မိုးကြိုးဘုရားဖြစ်သည်ဟု ယူဆကြပါသည်။ ထိုကြီးမားသောသစ်ပင်ကြီးကို ကိုးကွယ်ကြသည်သာ မကပါ၊ ထိုသစ်ပင်ကြီးအောက်တွင် မျိုးနွယ်စုအစည်းအဝေးများကိုလည်း၊ ဘုရား၏အစောင့်အရှောက်အောက်တွင် ရှိကြပါသည် ဆိုသည့်အနေနှင့် ပြုလုပ်လေ့ရှိကြသည်။ ထိုသစ်ပင်ကြီးသည် သူ၏သာသနာပြုလုပ်ငန်းအတွက် အဟန့်အတားဖြစ်သည်၊ ဧဝံဂေလိတရားကို လက်မခံရဲကြခြင်းသည် ထိုသစ်ပင်ကြီးအားကြောက်လန့်နေကြ၍ဖြစ်သည်ဟု ဘွန်နီဖေ့စ်တွေ့မြင်လာသောအခါ၊ ပုဆိန်တလက်နှင့် ထိုသစ်ပင်ကို ခုတ်ပိုင်းပါတော့သည်။ တုန်လှုပ်ခြောက်ချားနေကြသော လူအုပ်ကြီးရှေ့တွင် စတင်၍ ခုတ်လှဲခြင်းဖြစ်သည်။ အသက်ရှူမှားနေကြသော လူအုပ်ကြီးက "သော"ဘုရားသည် ဤ မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲနေသော သာသနာပြုဆရာအား ကျိန်းသေ တရားစီရင်တော့မည်ဟု ကြည့်နေကြစဉ်မှာပင်၊ ထိုရုပ်တုဆင်းတုက ဘာမှမလုပ်နိုင်ဘဲ သစ်ပင်ကြီးသာ လဲကျသွားပါတော့သည်။ ပြောစမှတ်ပြုကြသောဇတ်လမ်းမှာ၊ ထိုသို့သူခုတ်လှဲစဉ် အလွန်ပြင်းထန်သောမိုးကြိုးမုန်တိုင်း ကျရောက်လာကာ၊ သူ၏ ခုတ်လှဲခြင်းကို လွယ်ကူစေရန်ကူညီသည် ဟူ၍ဖြစ်ပါသည်။ ထိုမုန်တိုင်းက ထိုဝက်သစ်ချပင်ကြီးကို လေးပိုင်းညီညီ ပိုင်းသွားအောင် ပြုလုပ်ပေးပါသည်ဟူ၍ဖြစ်သည်။ မည်သို့ပင်ဖြစ်ပါစေ၊ ဘွန်နီဖေ့စ်က တကယ်ပင် ထိုသစ်ပင်ကြီးမှ သစ်များဖြင့် ဘုရားရှိခိုးကျောင်း တကျောင်းကို ထိုသစ်ပင်ရှိရာနေရာတွင် တည်ဆောက်ခဲ့သည်မှ အမှန်ဖြစ်ပါသည်။

ဆက်စွန်လူမျိုးများကြား အမှုတော်ဆောင်ခြင်းသည် ဆက်လက်၍အောင်မြင်နေသဖြင့်၊ ဘွန်နီဖေ့စ်ကို ပုတ်ရဟန်းမင်းကိုယ်တိုင်က လေးစားလာရပါသည်၊ သူ့ကို အေဒီ ၇၂၂ တွင် ဘစ်ရှော့ပ်(ကျောင်းထိုင်ဘုန်းကြီးအဆင့်)အဖြစ် ချီးမြှင့်ပါသည်၊ အေဒီ ၇၃၂ တွင် ဘစ်ရှော့ပ်များအားကြီးကြပ်ရသူ၊ ဘစ်ရှော့ပ်အကြီးအဖြစ် ချီးမြှင့်ပြန်ပါသည်။ သူသည် ထိုအချိန်တွင် သူ၏ အံ့မခန်း အစွမ်းအစများကိုအသုံးပြုလျှက် ဆက်စွန်လူမျိုးတို့နယ်မြေများတွင် အသင်းတော်များကို တည်ထောင်ပါသည်၊ ဆိုးညစ်မှုများအားလုံးကို အမြစ်မှနုတ်ပစ်ပါသည်။ သူသည် ခရီးအမြောက်အများသွားလာကာ၊ တရားဟောကြားသည်၊ အထွေထွေညီလာခံကြီးများကို ဦးဆောင်ကမကထလုပ်ပေးသည်၊ အလွဲသုံးစားပြုမှုအားလုံးကို ပြုပြင်သည်၊ အငြင်းပွားမှုများကို ပြေလည်စေပါသည်။ ထိုလူမျိုးများကို ဒုက္ခပေးနေသော အယူသည်းခြင်းများ၊ ကိုယ်ကျင့်တရားပျက်ပြားခြင်းများအားလုံးကို အမြစ်မှနုတ်ပစ်ဖို့ သူသည် လုံးဝအညှာအတာကင်းမဲ့စွာ လုပ်ဆောင်ခဲ့ပါသည်။ သူသည် စကော့တလန်ပြည်မှ သာသနာပြုများ၊ အိုင်းရစ်ရှစ်(အိုင်ယာလန်)မှသာသနာပြုများကို လုံးဝ လက်မခံပါ၊ သူတို့က သူနှင့်အတူတူ လုပ်ကိုင်လိုကြသော်လည်း၊ သူ့အမြင်တွင် သူတို့သည် ကက်သလစ်ဂိုဏ်းကို သစ္စာမရှိကြသူများဖြစ်နေကြပါသည်။ သူသည် ရုပ်တုဆင်းတုနှင့်နတ်ကိုးကွယ်ခြင်းမှဖြစ်လာသော ဓလေ့ထုံးစံတခုမကျန်ကို ဖယ်ရှားသုတ်သင်ပစ်သည်။ မည်သို့ကျင့်ကြံပြုမူရမည်ဆိုသည်ကို ဥပဒေသများ ချမှတ်ပေးသည်၊ မှားယွင်းသောဩဝါဒသွန်သင်သူများကို ပြစ်ဒဏ်ပေးသည်၊ လူဆိုးလူမိုက်များကိုလည်း ပြစ်ဒဏ်ပေးပါသည်။

ဘွန်နီဖေ့စ် အိုမင်းလာသောအခါ၊ နယ်သာလန်ပြည် မြေနိမ့်ဒေသများသို့ သွားချင်စိတ်က သူ့ကိုဆွဲဆောင်ပြန်ပါသည်။ အစပိုင်းတွင် မအောင်မြင်ခဲ့သော ထိုဒေသသို့ ပြန်သွားရန် သူ ဆုံးဖြတ်ပါသည်။ အေဒီ ၇၅၄ တွင်သူသည် မိမိအလောင်းကိုပတ်မည့် အဝတ်ကိုယူဆောင်ကာ ထိုဒေသသို့ ခရီးစပါသည်။ ထွက်ခွာစဉ်ကပင် သူသည် နယ်သာလန်ပြည် မြေနိမ့်ဒေသများတွင် သေဆုံးမည်၊ မြှုပ်နှံခြင်းကိုခံမည်ဟု သိနေခဲ့ဟန်ရှိပါသည်။ ထိုဒေသ လတာပြင်များ၊ နွံအိုင်များကြားတွင် သူ၏အမှုတော်ဆောင်ခြင်းသည် အတော်ကလေးအောင်မြင်ခဲ့ပါသည်။ ထိုဒေသကို ယနေ့ခေတ်တွင် နယ်သာလန်နိုင်ငံ ဖရီးစလဲန်းပြည်နယ်ဟု ခေါ်ပါသည်။ သို့သော် သူ၏အမှုတော်ဆောင်ခြင်းသည် ခဏသာ ခံပါသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန်ယုံကြည်ခြင်းကို မုန်းတီးကြသောရန်သူများက သူ၏အလုပ်သည် သူတို့အတွက် အန္တရယ်ဖြစ်သည်ကို သိမြင်ကြသဖြင့်၊ ဖျက်ဆီးပစ်ရန် ဆုံးဖြတ်ချက်ချကြပါသည်။ ပြောင်းလဲလာသူအချို့ကို ဗတ္တိဇံပေးရန် ဒေါ့ခုမ်ဆိုသော ရွာအနီးတွင် သူ ရှိနေစဉ်၊ ကြမ်းတမ်းရက်စက်သော ဖရီးစီးယန်းလူတစု ရောက်လာကာ၊ ထိုလူစုကို သတ်ဖြတ်ကြသည်။ ခရစ်ယာန်တို့ကို ခုခံကာ၊ သူတို့ခေါင်းဆောင်ကို ကာကွယ်ချင်ကြသော်လည်း၊ ဘွန်နီဖေ့စ်က ဤသို့ပြောဆိုတားမြစ်ပါသည်၊ "ငါ့ကလေးတို့၊ မတိုက်ခိုက်ကြနှင့်၊ ဂေသရှေမန်ဥယဉ်မှ ငါတို့သခင်ဘုရားကို အတုယူကြပါ။ ငါ့တို့သည် သူ့ကို မကြာခင် တွေ့ကြရတော့မည်ဖြစ်သည်။ ငါ သူ့ကို မြင်ချင်လှပြီ၊ သူနှင့်အတူ နေချင်လှပြီဖြစ်သည်၊ ဆုတောင်းကြရအောင်။" ထိုသို့ပြောပြီး ဆုတောင်းရန် ဒူးထောက်ကြသောအခါ၊ ထိုလူရိုင်းတစု သူတို့ထံခုန်ဝင်ကြကာ၊ ဘွန်နီဖေ့စ်နှင့်ခရစ်ယာန် ၅၁ ယောက်ကို ပွဲချင်းပြီးသတ်ဖြတ်ကြပါသည်။ သူသည် ဇွန်လ ၅ ရက်၊ အေဒီ ၇၅၄ တွင်ကွယ်လွန်ခဲ့ပါသည်။

သုံးသပ်ခြင်း

ကျွန်တော်တို့သည် ဘွန်နီဖေ့စ်၏ ကက်သလစ်ဂိုဏ်းအပေါ် သစ္စာရှိခြင်း၊ ကက်သလစ်ဂိုဏ်းအသင်းတော်များကို အားသွန်ခွန်စိုက် တည်ထောင်ခြင်းများအပေါ် ဝေဖန်ချင်ကြပါမည်။ ထို့အတွက် သူသည် ဝေဖန်ပြစ်တင်ခြင်းကို အမှန်ပင်ခံထိုက်ပါသည်။ သို့သော် သူသည် ဧဝံဂေလိတရားကို သစ္စာရှိသော တရားဟောဆရာဖြစ်ပါသည်။ သာသနာပြုခြင်းအတွက် ပင်ပန်းဆင်းရဲသောဘဝနှင့် မိမိကိုယ်ကို စွန့်လွှတ်အနစ်နာခံသောဘဝသို့ လိုချင်စွာနေထိုင်ခဲ့သူဖြစ်ပါသည်။ သူလုပ်ကိုင်နေချိန်၌ပင် သူ၏အလုပ်များသည် သူ့ကြောင့်မဟုတ်ကြောင်းကို သေချာစွာပြောပြခဲ့ပါသည်၊ “ငါတို့ဖခင်များ၏ သန့်ရှင်းသောဥပဒေသများအတွက် အသေခံကြပါမည်၊ ငါတို့သည် အနေသောခွေးများကဲ့သို့ မဖြစ်ကြရ၊ တိတ်ဆိတ်နေသော ပွဲကြည့်ပရိတ်သတ်မလုပ်ရ၊ အန္တရယ်ကျရောက်သောအခါ ထွက်ပြေးတတ်သော ကြေးစားများ မဖြစ်ကြရ၊ ထိုမှဆန့်ကျင်စွာ သစ္စာရှိသောသိုးထိန်းများ ဖြစ်ကြရမည်၊ ခရစ်တော်၏သိုးစုကို သေချာစွာကြည့်ရှုသူများ ဖြစ်ကြရမည်။ ဘုရားသခင့်အကြံအစည်တော်အားလုံးကို တရားဟောကြပါမည်၊ မြင့်မာသူများထံ၊ နိမ့်ကျသူများထံ၊ ချမ်းသာသူ၊ ဆင်းရဲသူများထံ၊ အဆင့်အတန်းမျိုးစုံ၊ အရွယ်စုံသို့ ဟောကြားကြပါမည်၊ အချိန်သင့်သည်ဖြစ်စေ၊ အချိန်မသင့်သည်ဖြစ်စေ၊ ဘုရားသခင်ပေးသော ခွန်အားရှိသလောက် ဟောကြားလုပ်ကိုင်ကြပါမည်။”

ဘွန်နီဖေ့စ်သည် ဘုရားသခင့်အစေခံတို့တွင် ရှိတတ်သည့် သန့်ရှင်းခြင်းနှင့်အားနည်းခြင်း နှစ်မျိုးရောနှောနေသော ဥပမာဖြစ်ပါသည်။ သူ၏အထုပ္ပတ္တိကိုရေးသာသူတဦးက ဤသို့ရေးသားခဲ့ပါသည်၊– “သူသည် ဂနာမငြိမ်သူ၊ မတည်ငြိမ်သူ၊ အသိရခက်သောသဘာဝရှိသူဖြစ်သည်၊ အလွန်ပင် ကုပ်ကုပ်ကလေးသာနေတတ်ပါသည်၊ မဝံ့မရဲဖြစ်တတ်သည်၊ အရှက်အကြောက်ကြီးသည်၊ သူ့ဘဝတွင် အောင်မြင်ခြင်းအမြောက်အများကို ရခဲ့ပါသော်လည်း၊ အားလုံးသည် အင်တင်တင်ဖြင့်သာ လုပ်ခဲ့ခြင်း ဖြစ်ပါသည်၊ ငါရှေ့တန်းရောက်အောင် လုပ်ကိုင်ပစ်လိုက်မယ်၊ လူတွေသိသွားအောင် လုပ်ပစ်လိုက်မယ် ဆိုသောစိတ်မျိုး တခါမှ ရှိခဲ့သူ မဟုတ်ပါ။ အသင်းတော်အတွက်သာလုပ်ကိုင်ခြင်းဖြစ်သည် ဆိုသောစိတ်ကသာ သူ့ကို လမ်းညွှန်ခြင်းဖြစ်သည်။ သို့သော် တကယ်တမ်း လုပ်ကိုင်ပြီဆိုသောအခါ ဤရှက်ကြောက်တတ်သူသည် မိမိ၏စိတ်အားထက်သန်မှုဖြင့် ဘာကိုမှဂရုမစိုက်တတ်တော့ပြန်ပါ၊ သူ၏ရဲရင့်ခြင်းသည် အကန့်သတ်မဲ့ဖြစသွားပြန်ပါသည်။”

ယနေ့တွင် နယ်သာလန်နိုင်ငံ၊ ဖရီစီးယန်းပြည်နယ်၊ ဒေါ့ခမ်မြို့အနီးတွင် ဘွန်နီဖေ့စ်၏အလုပ်ကို ဂုဏ်ပြုသော ကျောက်ရုပ်တခုရှိပါသည်။ နယ်သာလန်ပြည်သည် ခရစ်ယာန်နိုင်ငံသာ ဖြစ်လာသည်မဟုတ်ပါ၊ အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖေါမေးရှင်း)ကာလနောက်ပိုင်းတွင် ရီဖေါ့မ်ယုံကြည်ခြင်း၏ မူလဘူတ ဖြစ်လာခဲ့ပါသည်။

ဘုရားသခင်သည် သူ၏အလိုတော်ပြည့်စုံလာရန် အားအနည်းဆုံးသောနည်းလမ်းကလေးများကို အသုံးပြုတော်မူတတ်ပါသည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

×××××××××××××××××××××××××××××××××××

<u>**သီဩလော်ဂျီကဏ္ဍ**</u>

## အခန်း(၈) – ဘုရားသခင်၏သဘောသဘာဝ (The Nature of God)

## ဘုရားသခင်သည် မိမိနာမည်များဖြင့် မိမိကိုယ်ကိုဖွင့်ပြတော်မူပါသည်

(God's Revelation of Himself in His Names)

ကျမ်းစာအရ ဘုရားသခင်၏နာမည်သည် ဘုရားသခင်၏ဖြစ်တည်မှုနှင့် ဘုရားသခင်၏သဘောသဘာဝကို ကျွန်တော်တို့ထံ ဖွင့်ပြ/ဖေါ်ပြနေခြင်း(revelation)ဖြစ်ပါသည်။ ဘုရားသခင်၏နာမည်သည် ဘုရားသခင်ဖွင့်ပြ/ဖေါ်ပြနေခြင်းဖြစ်သည်။

မူလကနဦးတွင် နာမည်ဆိုသည်မှာ တစုံတခုသောအရာ၏ သဘောသဘာဝကို (သို့) ဖြစ်တည်မှုကို ဖေါ်ပြနေသော သင်္ကေတ/အမှတ်လက္ခဏာ(sign)ဖြစ်ပါသည်။ ထိုအချက်ကို ရှင်းနေအောင်ဖေါ်ပြသည့်နေရာမှာ၊ အာဒံ ဖြောင့်မတ်ခြင်း၌အသက်ရှင်ခဲ့စဉ်၊ သူသည် တိရိစ္ဆာန်များ၏တကယ့်နာမည်များကို ပေးနိုင်ခဲ့ခြင်းတွင်ဖြစ်သည်။ “ထာဝရအရွင္ဘုရားသခင္သည္ ေျမတိရစၧာန္တုိ ဗသင့္၊ မုိးယံေကာင္းကင္ငွက္ပမွင္းတုိ႔ကုိ ေျမမွဖန္ဆင္းေတာ္မူၿပီးလွ်င္၊ လူသည္ အဘယ္သုိ႔ေခၚမည္ကုိ သိခ်င္းငွါ၊ လူရွိရာသုိ႔ ေဆာင္ခဲ့ေတာ္မူ၏။ လူသည္လည္း အသက္ရွင္ေသာသတၱဝါမွ် အေပါင္းတုိ႔ကုိ ေခၚသမွ်တည္းဟူေသာ နာမည္သည္အသီးအသီးရွိၾက၏။ ထုိသုိ႔ လူသည္ သားယဥ္အေပါင္းတုိ႔ကုိ၎၊ မုိးေကာင္းကင္ငွက္အေပါင္းတုိ႔ကုိ၎၊ သားရဲအေပါင္းတုိ႔ကုိ၎၊ အမည္ေပး၍ မွည့္ေလ၏။”

ဤအဖြစ်အပျက်မှနေ၍ သိနိုင်သည်မှာ၊ ပထမ၊ တိရိစ္ဆာန်တမျိုး၏ တကယ့်သဘောသဘာဝ (သို့) ဖြစ်တည်မှုသည် သူ၏အမည် ဖြစ်သည်။ သူ၏အမည်သည် သူ၏သဘောသဘာဝ၊ သူ၏အဓိပ္ပါယ်၊ ဖန်ဆင်းခြင်းအားလုံးနှင့်ဆက်စပ်နေသော သူ၏ဆက်ဆံရေးဖြစ်ပါသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို သူ၏နှုတ်ကပတ်တော်(စကားလုံး)ဖြင့် ဖန်ဆင်းပါသည်။ ဖန်ဆင်းခြင်းတခုလုံးသည် ဘုရားသခင်၏ရှေ့မှောက်တွင် ထာဝရ ဝမ်းမြောက်ပျော်ရွှင်နေသော ထာဝရဉာဏ်ပညာ(wisdom)၏ ပုံရိပ်/ရောင်ပြန်ထင်ဟပ်မှု(reflection)ဖြစ်ပါသည်(သုတ္တံ ၈း၂၂)။ ထို့ကြောင့် ဖန်းဆင်းခံတခုချင်း၌ သီးသန့်ဖြစ်သောဘုရားသခင့်နှုတ်ကပတ်တော်(စကားလုံး)တခုစီ ရှိပါသည်။ ဖန်ဆင်းခြင်းတခုစီတိုင်းသည် ဘုရားသခင်၏ထာဝရအိုင်ဒီယာတခုစီ အကောင်အထည်ပေါ်လာခြင်းဖြစ်ပါသည်။ ထိုအိုင်ဒီယာသည် ထိုအရာ၏ တကယ့်ဖြစ်တည်မှု ဖြစ်ပါသည်။ ထိုဖြစ်တည်မှုသည် ၎င်း၏နာမည်အားဖြင့် ပေါ်ထွက်လာပါသည်၊ ဖေါ်ပြ/ဖွင့်ပြလာပါသည်။

ဒုတိယ၊ ဖန်ဆင်းခံတခုစီတိုင်း၏နာမည်ကို ဘုရားသခင်က သိပါသည်။ ဘုရားသခင်သည် အရာခပ်သိမ်းတို့၏ နာမည်တ

ခုချင်းကို ဖတ်တော်မူသည်၊ ခေါ်ထုတ်တော်မူပါသည်၊ ထိုသို့ဖြင့် သူ၏ဉာဏ်ပညာတော်ကို ဖွင့်ပြ/ပေါ်ပြခြင်းဖြင့် မိမိကိုယ်ကို ဘုန်းတော်ထင်ရှားစေပါသည်။ ထိုဖန်ဆင်းခြင်း၏ အလယ်တည့်တည့်တွင်၊ ဘုရားသခင်သည် သူ၏ပုံသဏ္ဍာန်တော်ကို ယူဆောင်ဝတ်ဆင်နိုင်မည့်(bear) သတ္တဝါတမျိုးကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ၎င်းသတ္တဝါထံ မူရင်းအချိန်တွင် ထိုမိမိ၏ပုံသဏ္ဍာန်တော်ကို အပ်နှင်းခဲ့ပါသည်။ ဘုရားသခင်အား မှန်ကန်စွာသိခြင်း၊ မှန်သောဖြောင့်မတ်ခြင်း၊ မှန်သောသန့်ရှင်းခြင်းတို့ထဲတွင် အပ်နှင်းခဲ့ခြင်းဖြစ်ပါသည်။ ထိုသတ္တဝါ၏နှလုံးသားတွင် ဖန်ဆင်းခြင်းတခုလုံးသည် ဘုရားသခင်နှင့်အတူ ပေါင်းစည်းနေဖို့(union)ဖြစ်ပါသည်။ ထိုသို့ဖြစ်ရန် ဘုရားသခင်က ထိုသတ္တဝါကို သူ့အားပတ်ဝန်းကျင်ရှိ ဖန်ဆင်းခြင်း၏အဓိပ္ပါယ်အား အလိုလို(intuitively)သိလာနိုင်သည့် တန်ခိုးစွမ်းအင်(power)ကို ပေးတော်မူပါသည်။ ထို့အပြင် သူ့ကိုယ်သူသိနိုင်ခြင်း စွမ်းအား၊ ဖန်ဆင်းခံတခုချင်းစီက အခြားဖန်ဆင်းခံများသို့ မည်သည့်ဆက်နွယ်မှုရှိနေသည်ကို သိနိုင်ခြင်းစွမ်းအား၊ ဖန်ဆင်းခံတခုချင်းစီက ဘုရားသခင်နှင့် မည်သို့သောဆက်နွယ်မှုရှိသည်ကို သိနိုင်ခြင်းစွမ်းအားတို့ကိုလည်း ပေးအပ်ထားပါသည်။ တနည်းအားဖြင့်ပြောရလျှင်၊ အာဒံသည် ဖန်ဆင်းခြင်းတို့ထဲတွင်ရှိနေသော ဘုရားသခင်၏နှုတ်ကပတ်တော်(စကားလုံး)တို့ကို ဖတ်နိုင်ပါသည်၊ ဖတ်နိုင်ယုံသာမက ၎င်းတို့၏ တကယ့်အဓိပ္ပါယ်မှန်ကိုလည်း ခွဲခြားနားလည်နိုင်ပါသည်။ အာဒံသည် ဖန်ဆင်းထားသောအရာများ၏ ဖြစ်တည်မှု(being)တို့အထဲသို့ ကြည့်လိုက်ကာ၊ သူတို့၏နာမည်များကို သိပါသည်၊ ခေါ်လိုက်ပါသည်။

တတိယ၊ အာဒံသည် ထိုဖန်ဆင်းခံများ၏ အမည်များကို လူသားဘာသာစကားနှင့် ဖေါ်ထုတ်ဖေါ်ပြနိုင်ပါသည်။ သူခေါ်သည်အတိုင်း သူတို့အမည်များဖြစ်လာကြသည်။ သူတို့၏အတွင်းသဘောသဘာဝ (သို့) ဖြစ်တည်မှုကို လူသား၏ စကားလုံး–သင်္ကေတ(word-symbol)ဖြင့် ဖေါ်ထုတ်ခြင်းဖြစ်ပါသည်။

ထို အလိုလိုသိသောအသိပညာကို ကျွန်တော်တို့သည် အပြစ်ထဲကျဆုံးခြင်းဖြင့် ပျောက်ဆုံးခဲ့ကြပါသည်။ ထို့ကြောင့် (ယနေ့ချိန်တွင်) ကျွန်တော်တို့သုံးသော နာမည်များသည် ကွဲပြားခြားနားစေသောသင်္ကေတမျှသာ ဖြစ်နေပါသည်။ အရာဝတ္ထုတို့၏ အနှစ်သာရများကို ကျွန်တော်တို့ မမြင်နိုင်ကြတော့ပါ။ ၎င်းတို့၏ စစ်မှန်သောအဓိပ္ပါယ်သည် ကျွန်တော်တို့ထံမှ ဖုံးကွယ်လျှက်ရှိပါသည်။ ဖန်ဆင်းခံတခုနှင့်တခုကြားရှိ ခြားနားမှုကိုတော့ ကျွန်တော်တို့ သိကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် အပြင်ဖက်မှတွေ့ရသော ဂုဏ်လက္ခဏာများကို သေချာစစ်ဆေးကြ၍ဖြစ်သည်။ ထိုသို့သော ခြားနားမှုများကိုတွေ့ကြရသဖြင့်၊ ခြားနားသောအမည်များကို ကျွန်တော်တို့က မှည့်ခေါ်ကြပါသည်။ သို့သော် ကျမ်းစာထဲတွင် ထိုသို့သောနာမည်တို့၏ မူရင်းအဓိပ္ပါယ်များကို တခါတရံ ဆက်၍ မှတ်တမ်းတင်ပေးသည်ကို တွေ့နိုင်ပါသည်။ အထူးသဖြင့် ဘုရားသခင်ကိုယ်တိုင်က အရာတခုခု (သို့) ပုဂ္ဂိုလ်တဦးဦးကို အမည်ပေးသည့်အခါများတွင် ဖြစ်ပါသည်။

ထိုအချက်သည် ဘုရားသခင်၏အမည်နှင့်ပတ်သက်၍ အမြဲတမ်း မှန်ပါသည်။ ဘုရားသခင်၏အမည်သည် သူ၏ဖြစ်တည်မှုဖြစ်သည်၊ သူ့ကိုယ်သူထဲတွင် ရှိနေသည့် ဖြစ်တည်မှုတော့ မဟုတ်ပါ၊ သို့သော် သူက သူ့ကိုယ်သူ ကျွန်တော်တို့ထံ ပေါ်ပြ/ဖွင့်ပြ(reveal)သည့်အနေနှင့် ဖြစ်ပါသည်။ သူ၏လက်တော်များဖြင့် လုပ်ကိုင်သောအရာများအားဖြင့် ပေါ်လာသော သူ၏ကောင်းမြတ်ခြင်းများ၊ ပြည့်စုံခြင်းများအားလုံးကို ပေါ်ပြနေခြင်းဖြစ်သည်။ "အို အကျွန်ုပ်တို့၏ဘုရားရှင် ထာဝရဘုရား၊ နာမတော်သည် မြေကြီး တပြင် လုံး၌ အလွန်ကြီးမြတ်တော်မူ၏။ ဘုန်းအာနုဘော်တော်သည် မိုဃ်းကောင်းကင်ပေါ်မှာ တည်လျက်ရှိ၏။ အို အကျွန်ုပ်တို့၏ဘုရားရှင် ထာဝရဘု ရား၊ ကိုယ်တော်၏နာမသည် မြေကြီးတပြင်လုံး၌ အလွန်ကြီးမြတ်တော်မူသတည်း။" (ဆာလံ ၈း၁၊ ၉)။ ဘုရားသခင်၏နာမည်ကို ချစ်ခြင်း သည် ဘုရားသခင်ကိုချစ်ခြင်း၊ သူ့အမှုကို ထမ်းဆောင်ခြင်းမည်ပါသည် (ဟေရှာ ၅၆း၆)။ သူ့လူများအား သူ့နာမည်ကို မေ့သွား အောင် လုပ်ခြင်းသည်၊ သူ့ကိုမေ့အောင် ပြုလုပ်ခြင်းမည်ပါသည် (ယေရမိ ၂၃း၂၇)။ ဘုရားသခင်၏နာမည်ကို ခေါ်ခြင်းသည်၊ မိမိကိုယ်ကို သူ၏လူများထံ ဖွင့်ပြ/ပေါ်ပြနေသူကို ခေါ်ခြင်းဖြစ်သည် (ကမ္ဘာ ၄း၂၆၊ ဆာလံ ၁၀၅း၁)။ ထိုနာမည်၌ ဂုဏ်ယူခြင်း သည် သူ့တပါးတည်းထံ၌ ဝါကြွားနေခြင်းဖြစ်ပါသည် (ဆာလံ ၁၀၅း၃)။

တခါတရံ၊ ဘုရားသခင်၏အမည်သည် သူနှင့်တထပ်တည်းဖြစ်ပါသည်။ အစ္စရေးတို့သည် "သင်၏သခင် ဘုရားသခင်ဆိုသော ဘုန်းကျက်သရေနှင့်ပြည့်ဝသည့်၊ ကြောက်မက်ဖွယ်သောအမည်"ကို ကြောက်ရွံ့ရိုသေကြရပါမည် (တရား ၂၈း၅၈)။ ထိုနာမည်သည် နီးနီးကလေးတွင်ရှိသည် (ဆာလံ ၇၅း၁)။ ထိုနာမည်သည် သန့်ရှင်းသည်၊ ကြီးမြတ်သည် (ယေဇ ၃၆း၂၀၊ ၂၃)။ ထိုနာမည်သည် ခိုင်မာသောရဲတိုက်ဖြစ်သည်၊ ထိုရဲတိုက်သို့ ဖြောင့်မတ်သူများ ပြေးဝင်ကြကာ၊ လုံခြုံလျှက်ရှိကြပါသည် (သုတ္တံ ၁၈း၁၀)။ ယာကုပ်၏ဘုရားသခင်၏နာမည်က သူ့အား အားကိုးသူအားလုံးကို ကာကွယ်စောင့်ရှောက်ပါသည် (ဆာလံ ၂၀း၁)။ တဲတော်နှင့် ဗိမ္မာန်တော်တွင် ဘုရားသခင်သည် သူ၏နာမည်ကို ထားရှိပါသည် (တရား ၁၂း၅၊ ၂ရာ ၇း၁၃၊ ၆ရာ ၂၀း၉)။ သူ၏လူများကို ထို နာမည်အား အားကိုးကြရန် အမြဲတမ်း တိုက်တွန်းနေပါသည်။ ထိုနာမည်ကို ခေါ်ကြရန်၊ ချီးကျူးကြရန်၊ အမွှမ်းတင်ကြရန်၊ ကောင်း ချီးပေးကြရန် အမြဲ တိုက်တွန်းနေပါသည်။ ကျမ်းစာ၏နေရာအနှံ့တွင် ဘုရားသခင်၏နာမည်သည် ဘုရားသခင်ပင်ဖြစ်ကြောင်း အထူးတလည်ပြောပြပါသည်၊ ကျွန်တော်တို့ထံ သူ့ကိုယ်သူ ဖွင့်ပြ/ပေါ်ပြသည့်အနေနှင့်ဖြစ်သည်၊ သူ၏ပြည့်စုံခြင်းများအားလုံးကို ပြောပြနေသည့်အဖြစ်နှင့်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ အားလုံးသောပြည့်စုံခြင်းများနှင့်ကောင်းမြတ်ခြင်းများကို ဘုရားသ ခင်၏နာမည်များဆိုသည့်ခေါင်းစဉ်အောက်တွင် ရှင်းလင်းဖေါ်ပြခြင်းသည် သဘာဝကျသလို၊ ကျမ်းစာနှင့်လည်း ကိုက်ညီပါသည်။

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

ဆာလံ ၁း၁–၆ (ဂျိန်းဘုရင်မူ)
၁ – ဆိုးညစ်သူတို့၏ အကြံပေးလမ်းညွှန်ချက်အတိုင်း မလျှောက်လှမ်းသူ၊ အပြစ်သားတို့၏လမ်းတွင် ရပ်မနေသူ၊ ဘုရားသခင်ကို အထင်သေးသူများ၏ထိုင်ခုံ၌ မထိုင်သူသည် ပျော်ရွှင်ဝမ်းမြောက်ရသူဖြစ်သည်။
၂ – သို့သော် သူ၏ပျော်ရွှင်ဝမ်းမြောက်ခြင်းသည် ဘုရားသခင်၏ပညတ်တော်၌ဖြစ်သည်၊ ဘုရားသခင်၏ ပညတ်တော်ကို သူသည် နေ့၊ ည ဆင်ခြင်တွေးတောပါသည်။
၃ – သူသည် မြစ်များ၏ရေနားတွင် စိုက်ထားသောသစ်ပင်နှင့် တူလိမ့်မည်၊ မိမိအသီးအပွင့်များကို ရာသီအလိုက် သီးပွင့်စေပါမည်၊ သူ၏ အရွက်တို့လည်း မညှိုးနွမ်းကြ၊ သူ ဘာလုပ်လုပ် အောင်မြင်ကြီးပွားလိမ့်မည်။
၄ – ဆိုးညစ်သူတို့သည် ထိုသို့ဖြစ်မည်မဟုတ်၊ သို့သော် သူတို့သည် လေတိုက်လျှင် အဝေးသို့လွင့်သွားသော စပါးခွံတို့ကဲ့သို့ ဖြစ်ကြသည်။
၅ – ထို့ကြောင့် ဆိုးညစ်သူတို့သည် တရားစီရင်ခြင်းတွင် ရပ်နိုင်ကြမည်မဟုတ်၊ အပြစ်သားတို့သည်လည်း ဖြောင့်မတ်သူတို့၏ အသင်းတော်တွင် ရပ်နိုင်ကြမည်မဟုတ်။
၆ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ဖြောင့်မတ်သူတို့၏လမ်းကို သိတော်မူသည်၊ သို့သော် ဆိုးညစ်သူတို့၏လမ်းသည် ပျက်စီးရလိမ့်မည်ဖြစ်သည်။

××××××××××××××××××××××

၁တိ ၄း၁–၁၆ (ဂျိန်းဘုရင်မူ)
၁ – ယခုတွင် ဝိညာဉ်တော်က အတိအကျပြောပါသည်၊ နောက်ပိုင်းအချိန်များတွင် အချို့တို့သည် ယုံကြည်ခြင်းမှ သွေဖည်သွားကြလိမ့်မည်၊ ဖြားယောင်းသွေးဆောင်သော ဝိညာဉ်များကို ဂရုစိုက်ကြလိမ့်မည်၊ နတ်ဆိုးတို့၏ ဩဝါဒများကို ဂရုစိုက်ကြလိမ့်မည်။
၂ – လူကောင်းဟန်ဆောင်လျှက် လိမ်ညာခြင်းများကို ပြောကြမည်၊ သူတို့၏သြတ္တပ္ပစိတ်များကို သံပူနှင့်လောင်မြိုက် ခြောက်ကပ်စေကြလိမ့်မည်၊
၃ – အိမ်ထောင်ပြုခြင်းကို တားမြစ်ကြလိမ့်မည်၊ အသားစားခြင်းမှရှောင်ရန် အမိန့်ပေးကြလိမ့်မည်၊ ၎င်းတို့ကို ဘုရားသခင်က ဖန်ဆင်းထားပါသည်၊ ယုံကြည်သောသူ၊ အမှန်တရားကိုသိသောသူက ၎င်းတို့ကို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်အတူ လက်ခံကြရမည်ဖြစ်သည်၊
၄ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ဖန်ဆင်းခံသတ္တဝါတိုင်း ကောင်းကြသည်၊ မည်သည်ကိုမှ မငြင်းပယ်ရပါ၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် လက်ခံဖို့ရန်သာဖြစ်သည်၊–
၅ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆုတောင်းခြင်းအားဖြင့် ၎င်းသည် သန့်ရှင်းပါသည်။
၆ – သင် ညီအကိုတို့ကို ထိုအရာများအား မှတ်မိကြဖို့ ပြုလုပ်လျှင်၊ သင်သည် ခရစ်တော်ယေရှု၏ ကောင်းသောအမှုတော်ဆောင်ဖြစ်ပါမည်၊ ယုံကြည်ခြင်း၏စကားလုံးများနှင့် ကောင်းသောဩဝါဒဖြင့် ကျွေးမွေးပြုစုတိုးတက်စေလျှင်ဖြစ်သည်၊ ၎င်းတို့ကို သင်သည်လည်း သေချာစွာလိုက်နာခဲ့ပြီဖြစ်သည်။
၇ – သို့သော် ဘုရားတရားကိုမထီမဲ့မြင်ပြုသော၊ အသက်ကြီးသောမိန်းမများပြောလေ့ရှိကြသည့် ဒဏ္ဍာရီပုံပြင်များကို ငြင်းပယ်ပါ၊ ထိုမှဆန့်ကျင်စွာ သင့်ကိုယ်သင် ဘုရားတရားကြောက်ရွံ့ရှိသေခြင်း၌ လေ့ကျင့်နေပါ။
၈ – အဘယ့်ကြောင့်ဆိုသော ခန္ဓာကိုယ်နှင့်ဆိုင်သောလေ့ကျင့်ခြင်းများသည် အကျိုးအနည်းငယ်သာရှိပါသည်၊ သို့သော် ဘုရားတရား ကြောက်ရွံ့ရှိသေခြင်း၌ လေ့ကျင့်ခြင်းသည် အရာခပ်သိမ်းအတွက် အကျိုးရှိပါသည်၊ ယခုဘဝအသက်ရှင်ခြင်းအတွက် ကတိပေးခြင်း ရှိသလို၊ နောက်လာမည့်ဘဝအတွက်လည်း ကတိပေးခြင်း ရှိပါသည်။
၉ – ၎င်းသည် သစ္စာရှိသောစကားနှင့် လက်ခံဖို့ရာ အလွန်ကောင်းသော စကားလည်းဖြစ်ပါသည်။
၁၀ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ပင်းပန်းစွာလုပ်ကိုင်ကြသလို၊ ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း ခံကြရပါသည်၊ ငါတို့သည် အသက်ရှင်သောဘုရားသခင်ကို အားကိုးကြ၍ဖြစ်သည်၊ သူသည် လူသားအားလုံး၏ကယ်တင်ရှင်ဖြစ်ပါသည်၊ အထူးသဖြင့် ယုံကြည်သောသူတို့ကို ဖြစ်ပါသည်။
၁၁ – ဤအရာများကို အမိန့်ပေးပါ၊ သင်ပေးပါ။
၁၂ – သင်၏ငယ်ရွယ်ခြင်းကို မည်သူကမျှ အထင်းမသေးစေနှင့်၊ သို့သော် သင်သည် ယုံကြည်သူအားလုံး၏စံနမူနာ ဖြစ်ပါ၊ စကား၌၊ ပြောဆိုဆက်ဆံခြင်း၌၊ ချစ်ခြင်း၌၊ ဝိညာဉ်၌၊ ယုံကြည်ခြင်း၌၊ စင်ကြယ်ခြင်း၌ ဖြစ်သည်။
၁၃ – ငါလာသည့်တိုင်၊ စာဖတ်ခြင်း၊ တိုက်တွန်းအားပေးခြင်း၊ ဩဝါဒသင်ပေးခြင်းတို့ကို ဂရုစိုက်ပါ။
၁၄ – သင့်ထံ၌ရှိသော လက်ဆောင်ကို လစ်လျူမရှုနှင့်၊ ၎င်းကို သင့်ထံ ပရောဖက်ပြုခြင်းနှင့် ပေးအပ်ထားခြင်းဖြစ်သည်၊ အသင်းလူကြီးများ၏ လက်တင်မင်္ဂလာပေးခြင်းနှင့် ပေးအပ်ထားခြင်းဖြစ်သည်။

၁၅ – ထိုအကြောင်းအရာတို့ကို ဆင်ခြင်တွေးတောပါ၊– ၎င်းတို့သို့ သင့်ကိုယ်သင် လုံးလုံးလျားလျား ပေးအပ်ထားပါ၊ ထိုသို့ဆိုလျှင် သင်၏အကျိုးရှိခြင်းသည် အားလုံးထံသို့ ပေါ်လာမည်ဖြစ်သည်။
၁၆ – သင် မိမိကိုယ်ကို ဂရုစိုက်ပါ၊ ဩဝါဒကို ဂရုစိုက်ပါ၊– ၎င်းတို့အား လုပ်ကိုင်ခြင်းထဲတွင် ဆက်လက်နေပါ၊– အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို လုပ်ကိုင်ခြင်းဖြင့် သင်သည် မိမိကိုယ်ကိုကယ်တင်လိမ့်မည်၊ သင့်အားကြားနာသူတို့ကိုလည်း ကယ်တင်လိမ့်မည် ဖြစ်သည်။

++++++++++++++++++++++++++

ဒေသနာကျမ်း ၁း၁–၁၈ (ဂျိန်းဘုရင်မူ)
၁ – ဂျေရုဆလင်မြို့၌ ဘုရင်ဖြစ်သူ၊ ဒေးဗစ်၏သား၊ တရားဟောဆရာ၏ စကားများဖြစ်ကြသည်။
၂ – အချည်းနှီးဖြစ်ခြင်းတို့၏ အချည်းနှီးဖြစ်ခြင်းဟု တရားဟောဆရာက ပြောပါသည်၊ အချည်းနှီးဖြစ်ခြင်းတို့၏ အချည်းနှီးဖြစ်ခြင်း၊ အားလုံးသည် အချည်းနှီးသာ ဖြစ်ကြပါသည်။
၃ – လူတဦး၏ နေရောင်အောက်၌ လုပ်ကိုင်သမျှသော လုပ်ကိုင်အားထုတ်ခြင်းများက သူ့ကို မည်သည့်အကျိုးအမြတ် ပေးပါသနည်း?
၄ – မျိုးနွယ်ဆက်တခု လွန်သွားသည်၊ အခြားမျိုးနွယ်ဆက်တခု ရောက်လာပါသည်၊– သို့သော် ကမ္ဘာကြီးမှာ အမြဲတမ်း တည်ရှိနေပါသည်။
၅ – နေသည်လည်း ထွက်လာပါသည်၊ ထို့နောက် ဝင်သွားပြန်ပါသည်၊ သူထွက်လာသောနေရာသို့ အလျှင်အမြန် ပြန်သွားနေပါသည်။
၆ – လေသည် တောင်ဖက်သို့ တိုက်ပါသည်၊ ထို့နောက် မြောက်ဖက်သို့ တိုက်ပါသည်၊ ၎င်းသည် အဆက်မပြတ် ပတ်ချာလှည့်နေပါသည်၊ လေသည် မိမိ၏ပတ်လမ်းအတိုင်း ပြန်လာတတ်ပါသည်။
၇ – မြစ်အားလုံး ပင်လယ်သို့ စီးဆင်းသွားကြသည်၊ သို့သော် ပင်လယ်သည် ဘယ်တော့မှမပြည့်ပါ၊– မြစ်များသည် သူတို့လာရာနေရာသို့၊ ပြန်သွားတတ်ကြပါသည်။
၈ – အရာအားလုံးသည် ကြိုးပမ်းလုပ်ကိုင်ရခြင်းနှင့် ပြည့်နေကြပါသည်၊ လူသားက ၎င်းကို မပြောနိုင်လောက်အောင်ဖြစ်ရပါသည်၊ မျက်စေ့သည် မြင်ရခြင်းတွင် ဘယ်တော့မှ မကျေနပ်နိုင်ပါ၊ ထို့အတူ နားသည်လည်း ကြားရခြင်းတွင်ဘယ်တော့မှ ပြည့်ခြင်း မရှိပါ။
၉ – ဖြစ်ပြီးသော အကြောင်းအရာသည်၊ ဖြစ်လိမ့်ဦးမည်အကြောင်းအရာသာ ဖြစ်ပါသည်၊– လုပ်ပြီးခဲ့သောအရာသည်လည်း လုပ်လိမ့်ဦးမည်အရာသာ ဖြစ်ပါသည်၊– နေရောင်အောက်တွင် အသစ်ဆိုသောအရာ မရှိပါ။
၁၀ – ကြည့်ပါ၊ ထိုအရာသည် အသစ်ဖြစ်သည်ဟု ပြော၍ရသောအရာ ရှိပါသလော? ၎င်းသည် လွန်ခဲ့သောအချိန်က ရှိခဲ့ပြီဖြစ်ပါသည်၊ ငါတို့ မတိုင်ခင်က ဖြစ်သည်။
၁၁ – ယခင်ဖြစ်ခဲ့သော အကြောင်းအရာများကို မှတ်မိသတိရခြင်းလည်း မရှိပါ၊– နောက်ရောက်လာမည့် အကြောင်းအရာများကို မှတ်မိသတိရခြင်းသည်လည်း၊ နောက်လာမည့်သူများထံတွင် ရှိလိမ့်မည် မဟုတ်ပါ။
၁၂ – ငါ၊ တရားဟောဆရာသည် ဂျေရုဆလင်မြို့တွင် အစ္စရေးလူမျိုးတို့ကို အုပ်ချုပ်ရသော ဘုရင် ဖြစ်ခဲ့ပါသည်။
၁၃ – ငါသည် ငါ၏နှလုံးသားကို ကောင်းကင်အောက်၌ ပြုလုပ်သမျှသော အကြောင်းအရာများအားလုံးတို့နှင့် ပတ်သက်သည်များကို ဉာဏ်ပညာနှင့် ရှာဖွေလေ့လာရန် စေခိုင်းခဲ့ပါသည်။
၁၄ – ငါသည် နေရောင်အောက်တွင် လုပ်သမျှသောအလုပ်များအားလုံးကို ကြည့်ရှုလေ့လာခဲ့ပါသည်၊– ကြည့်ပါ၊ အားလုံးသည် အချည်းနှီးမဲ့ခြင်း ဖြစ်ပါသည်၊ ဝိညာဉ်အတွက် စိတ်အနှောက်အယှက်ဖြစ်စရာများသာ ဖြစ်ကြသည်။
၁၅ – ကောက်ကွေ့နေသောအရာကို ဖြောင့်စေ၍မရ– လိုအပ်နေခြင်းကိုလည်း ရေတွက်၍မရ ဖြစ်ပါသည်။
၁၆ – ငါသည် ငါ့နှလုံးသားနှင့် စကားပြောဆိုပါသည်၊ ကြည့်ပါ၊ ငါသည် ကြီးမြင့်သောအခြေအနေသို့ ရောက်ပြီ၊ ဂျေရုဆလင်မြို့တွင် ငါ့မတိုင်ခင် ရှိခဲ့သူအားလုံးတို့ထက် ပို၍ ဉာဏ်ပညာကို ရခဲ့ပါသည်ဟု ပြောပါသည်၊– မှန်ပါသည်၊ ငါ့နှလုံးသားက ဉာဏ်ပညာနှင့်အသိပညာတို့ကို ကြီးသောတွေ့ကြုံမှု ရခဲ့ပါသည်။
၁၇ – ထို့နောက် ငါသည် ငါ့နှလုံးသားကို ဉာဏ်ပညာအား သိစေပါသည်၊ ရူးမိုက်ခြင်းနှင့်မိုက်မဲခြင်းတို့ကိုလည်း သိစေပါသည်၊– ငါသဘောပေါက်မိသည်မှာ၊ ၎င်းသည်လည်း ဝိညာဉ်ကို စိတ်အနှောက်အယှက်ဖြစ်စေသော အရာသာဖြစ်ပါသည်။
၁၈ – အဘယ့်ကြောင့်ဆိုသော် များသောဉာဏ်ပညာသည် များသောဝမ်းနည်းခြင်းကို ဖြစ်စေသောကြောင့်ဖြစ်ပါသည်၊– အသိပညာကို တိုးပွားစေသူသည်၊ ဝမ်းနည်းခြင်းကိုလည်း တိုးပွားစေပါသည်။

×××××××××××

သခင်ဘုရား၏နေ့ (၃၀)

၈၀။ သခင်ဘုရား၏ ညစာပွဲတော်မင်္ဂလာနှင့် ပုတ်ရဟန်းမင်း၏မတ်(စ်)ပွဲတော် မည်သို့ကွာ ခြားသနည်း?

သခင်ဘုရား၏ ပွဲတော်မင်္ဂလာက သခင်ခရစ်တော်ကိုယ်တိုင် လက်ဝါးကပ်တိုင်ပေါ်တွင် တကြိမ်ပြည့်စုံစေခဲ့သော ယဇ်ပူဇော်ခြင်းဖြင့်သာ ကျွန်ုပ်တို့သည် အပြစ်များအားလုံးမှ ပြည့်ဝသောလွတ်ခြင်းကို ရရှိသည်၊ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုဖြင့် သခင်ခရစ်တော်ထံ၌ စိုက်ပျိုးခြင်းကိုခံရသည်ဟု သက်သေခံပါသည်။ ထိုသခင်သည် လူ့ဇာတိအားဖြင့် ကမ္ဘာပေါ်၌ မရှိတော့ပါ။ သို့သော် ကောင်းကင်ဘုံ ခမည်းတော်ဘုရား၏ လက်ျာဖက်၌ ရှိတော်မူပါသည်။ ထိုနေရာ၌ ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းကို ခံဖို့ရန် ရှိနေလိမ့်မည်ဖြစ်သည်။ သို့သော် မတ်(စ်)ပွဲတော်ကမူ ဘုန်းတော်ကြီးများအားဖြင့် သခင်ခရစ်တော်သည် နေ့စဉ် နေ့တိုင်း ယဇ်ပူဇော်ခြင်း မရှိပါက၊ သေသူနှင့်ရှင်သူတို့သည် သခင်ခရစ်တော်၏ ဝေဒနာခံစားခြင်းများကြောင့် ရလာသော အပြစ် များမှခွင့်လွှတ်ခံရခြင်းကို မရရှိနိုင်ကြပါဟု သွန်သင်ပါသည်။ ထို့အပြင် သခင်ခရစ်တော်၏ကိုယ်ခန္ဓာသည် မုန့်နှင့်စပျစ်ရည်ပုံစံဖြင့်ရှိနေသည်၊ ၄င်းတို့မှနေ၍ ကိုးကွယ်ခံရမည်ဟု သွန်သင်ပါသည်။ ထို့ကြောင့် အမှန်တကယ်အားဖြင့် မတ်(စ်)ပွဲတော်သည် သခင်ခရစ်တော်၏ တကြိမ်ယဇ်ပူဇော်ခြင်းနှင့် ဝေဒနာခံစားခြင်းကို ငြင်းပယ်သော ကျိန်ခြင်းခံရမည့် ရုပ်တုကိုးကွယ်မှု တမျိုးသာ ဖြစ်သည်။

(ဟေဗြဲ ၇း၂၇၊ ၉း၁၂၊၂၆၊ မဿဲ ၂၆း၂၈၊ လုကာ ၂၂း၁၉–၂၀၊ ၂ကော ၅း၂၁၊ ၁ကော ၆၊ ၁၇၊ ၂း၁၃၊ ဟေဗြဲ ၁း၃၊ ၈း၁၊ ယော ၄း၂၁–၂၃၊ ကော ၃း၁၊ ဖိလိ ၃း၂၀၊ လုကာ ၂၄း၅၂–၅၃၊ တမန် ၇း၅၅၊ ဟေရှာ ၁း၁၁၊၁၄၊ မဿဲ ၁၅း၉၊ ကော ၂း၂၂–၂၃၊ ယေ ၂း၁၃)

၈၁။ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို မည်သူတို့အတွက် ခန့်ထားပါသနည်း?

မိမိတို့၏အပြစ်များကိုအမှန် တကယ်နောင်တရသူများ၊ သို့သော် သခင်ခရစ်တော်အတွက်ကြောင့်သာ ထို အပြစ်တို့မှ ခွင့်လွှတ်ခံရကြသည်ဟု ယုံကြည်အားကိုးသူများ၊ ထို့အပြင် မိမိတို့၌ ကျန်နေသော အားနည်းခြင်းများကိုလည်း သခင်ခရစ်တော်၏ ဝေဒနာခံစားခြင်း၊ အသေခံခြင်းတို့က ဖုံးအုပ်ပြီးဖြစ်သည်ဟု ယုံကြည်သူများ၊ မိမိတို့၏ယုံကြည်ခြင်းကို ပို၍ပို၍ ခွန်အားတိုးစေရန် ထက်သန်သောစိတ်နှင့် ဆန္ဒရှိသူများ၊ ပို၍သန့်ရှင်းသောအသက်တာ၌ အသက်ရှင်လိုသူများ စသည်တို့အတွက်ဖြစ်၏။ သို့သော် ဟန်ဆောင်သူများ၊ ဘုရားသခင်ထံသို့ ရိုးသားသောနှလုံးသားဖြင့် ပြန်မလှည့်ကြသူများမှာမူ ထိုမုန့်နှင့်ခွက်ကို စားသောက်ကြသည့်အခါ အပြစ်စီရင်ခြင်း ခံကြရရန် စားကြခြင်းဖြစ်၏။

(မဿဲ ၅း၃၊ ၆၊ လုကာ ၇း၃၇–၃၈၊ ၁၅း၁၈–၁၉၊ ဆာလံ ၁၀၃း၃၊ ၁၁၆း၁၂–၁၄၊ ၁ပေ ၂း၁၁–၁၂၊ ၁ကော ၁၀း၂၀၊ ၁၁း၂၈၊ တိတု ၁း၁၆၊ ဆာလံ ၅၀း၁၅–၁၆)

၈၂။ မိမိတို့ကိုယ်ကို မယုံကြည်သူများ၊ ဘုရားတရားမရှိသေသူများဟု ဝန်ခံချက်အားဖြင့်၄င်း၊ အသက်ရှင်မှုအားဖြင့်၄င်း ကြေညာကြသူများကို ညစာပွဲတော်မင်္ဂလာ၌ ပါဝင်စေရမည်လား?

မပါဝင်စေရပါ။ ပါဝင်စေက ဘုရားသခင်၏ပဋိညာဉ်သည် မထီမဲ့မြင်ပြုခြင်း ခံရမည်ဖြစ်သည်။ ဘုရားသခင်၏ အမျက်ဒေါသသည်လည်း အသင်းတော်တခုလုံးကို ဆန့်ကျင်လျှက် တောက်လောင်မည်ဖြစ်၏။ ထို့ကြောင့် သခင်ခရစ်တော်နှင့် သူ၏တမန်တော်များက သတ်မှတ်သည့်အတိုင်း ကောင်းကင်နိုင်ငံ၏သော့များဖြင့် ထိုသို့သောသူများကို ညစာပွဲတော်၌ မပါဝင်စေရန် တားမြစ်ခြင်းသည် ခရစ်ယာန်အသင်းတော်၏ တာဝန်ဖြစ်၏။ ၄င်းတို့၏အသက်တာများ ပြောင်းလဲကြောင်း၊ ပြသလာချိန်ထိအောင် ထိုသို့ပြုရမည် ဖြစ်သည်။

(၁ကော ၁၀း၂၁၊ ၁၁း၃၀–၃၁၊ ဟေရှာ ၁း၁၁–၁၃၊ ယေ ၇း၂၁၊ ဆာလံ ၅၀း၁၆၊ ၂၂။ မဿဲ ၁၈း၁၇–၁၈)